

# ရေကြီးခြင်းအကြောင်း
# သိကောင်းစရာ
# ပုံပြောခြင်းဖြင့်သင်ယူမှာ







ရေကြီးခြင်းအန္တရာယ်
အကြောင်းနဲ့ပတ်သတ်၍
ဘယ်လို ကြိုတင်
ကာကွယ်ရမည်
ဆိုသည့်အကြောင်းကို
ပုံပြင်လေး တစ်ပုဒ်အနေနဲ့
လေ့လာကြရအောင်။

ဟိုးရှေးရှေးတုန်းက တောင်စဉ်တောင်တန်းတွေ ပတ်ပတ်လည်ဝိုင်းရံနေတဲ့ ရွာလေးတစ်ရွာ ရှိသတဲ့ကွယ်။ အဲဒီ ရွာလေးရဲ့ အမည်ကတော့ စိမ်းလမ်းမြေလို့ ခေါ်တယ်။

နာမည်နဲ့လိုက်အောင်ပဲ တောရိပ်တောင်ရိပ်တွေ၊ သီးပင်စားပင်တွေနဲ့ အရမ်းကိုစိမ်းစိုပြီး ယုန်၊ ဒရယ်၊ သမင် စတဲ့ တောနေတိရိစ္ဆာန်လေးတွေလည်း အနီးအနားက တောတောင်တွေထဲမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ နေထိုင်ကြသတဲ့ကွယ်။

အဲဒီရွာက ရွာသူရွာသားတွေဟာ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကြောင်း ပြုလုပ်ကြသတဲ့။



ဒီလိုနဲ့နေလာကြရင်း အချို့ရွာသားတွေဟာ မတော်လောဘဖြစ်ပြီး တောထဲကသစ်တွေနဲ့ မီးသွေးဖုတ်ခြင်း၊ သစ်များကို ရောင်းချရန်အတွက် အပင်များကို တရားလွန် များပြားစွာ ခုတ်လှဲခြင်းတို့ကို အလွန်အကျွံလုပ်ကြသတဲ့ကွယ်။

အပင်များကို များများခုတ်လှဲလေလေ ငွေတွေ များများရရှိလေတဲ့အတွက် လောဘတက်လာကြပြီး ရနိုင်သလောက်ကို ခုတ်လှဲတော့လေသတဲ့။



ဒီလိုခုတ်လှဲတဲ့အတွက် အကျိုးရလဒ်ကတော့ တစ်ချိန်က စိမ်းလန်းမြေလို့ ခေါ်တွင်ခဲ့တဲ့ ရွာလေးဟာ အခုအချိန်မှာတော့ လွင်တီးခေါင်အလယ်မှာ အရိပ်မရှိ ပူပြင်းတဲ့နေရောင်ခြည်ရဲ့အောက်မှာ တောင်ကတုံးအသွင် ဖြစ်နေရုံသာမက ယုန်၊ ဒရယ်၊ သမင် စတဲ့ တိရိစ္ဆာန်လေးတွေဟာ မနေနိုင်ကြတော့ပဲ စိမ်းလန်းမြေကနေ ထွက်ပြေးသွားကုန်ပါတော့တယ်ကွယ်။



ဒါပေမယ့် အဲဒီစိမ်းလန်းမြေရွာလေးမှာ ဖိုးတုတ်ဆိုတဲ့ လူငယ်လေးတစ်ယောက် ရှိသတဲ့။ ဖိုးတုတ်လေးဟာ စာပေကို လေ့လာလိုက်စားရတာ ခုံမင်တဲ့အပြင် စိတ်ရင်းစေတနာရှိပြီး သူတပါးကိုလည်း ကူညီတတ်တဲ့ ကလေးတစ်ယောက်ဖြစ်တယ်။ ဒါကြောင့် တစ်ရွာလုံးက သူ့ကို ချစ်ကြတယ်လေ။



မိုးဦးကာလရဲ့ နေ့တစ်နေ့မှာတော့ ကောင်းကင်ကြီးက အုံ့မှိုင်းလာပြီးတော့ လေတွေ ပြင်းထန်စွာ တိုက်လာသည့် အပြင် မိုးတွေကလည်း တဝေါဝေါနဲ့ ရွာချပါတော့တယ်။ မိုးကြီးမှုနဲ့ လေရဲ့တိုက်ခတ်မှုကြောင့် အရှိန်နဲ့စီးဆင်းလာတဲ့ တောင်ကျရေနှင့်အတူ တောင်ပေါ်မှ သစ်တုံးတွေ၊ ကျောက်တုံးတွေ မျောပါလာတာကြောင့် အိမ်နှင့်အတူ လူတချို့လည်း မျောပါ သွားပါတော့တယ်။

ရေတွေကလည်း ရွာထဲဝင်လာပြီး တဖြေးဖြေးနဲ့ မြင့်တက်လာတာကြောင့် ရွာသူရွာသားတွေဟာ ဘေးလွတ်ရာကို ထွက်ပြေးကြရတာပေါ့။ တောင်ယာစိုက်ခင်းတွေကလည်း တောင်ကျရေနဲ့ မိုးအကြီးအကျယ် ရွာသွန်းမှုကြောင့် ပျက်စီး ဆုံးရှုံးမှုတွေ အများကြီး ဖြစ်ကုန်ပါတော့တယ်။



စိမ်းလန်းမြေမှာရှိတဲ့ ရွာသူရွာသားများဟာ ပျက်စီးဆုံးရှုံးမှုများကြောင့် ဝမ်းနည်းပူဆွေးသောက ရောက်ကြပါတော့တယ်။ ဒီလို စိမ်းလန်းမြေမှာ ဖြစ်သွားတဲ့ အဖြစ်အပျက်တွေအတွက် ဖိုးတုတ်လည်း အများကြီး ဝမ်းနည်းနေရတာပေါ့ကွယ်။

သူက ဒီအဖြစ်အပျက်အကြောင်းအရင်းကို စဉ်းစားရင်း တစ်လောက သူ့ဘကြီးနှင့် မြို့ပေါ်သွားတုန်း သူနေတဲ့ အိမ်ရဲ့လမ်းဆုံမှာ စိုက်ထူထားတဲ့ ဆိုင်းဘုတ်တစ်ခုကို ပြန်သတိရလာတော့တယ်။ မြို့မှာရှိနေစဉ် အဲဒီဆိုင်းဘုတ်ကို နေ့တိုင်း ဖတ်မိနေတော့ ရေကြီးခြင်းဆိုတာ ဘာကြောင့်ဖြစ်ရတယ်၊ ဘယ်လို ကာကွယ်နိုင်လဲဆိုတဲ့ နည်းလမ်းတွေကို ဆိုင်းဘုတ်ကြီးပေါ်မှာ ရေးထားတာကို သူ့မျက်လုံးထဲမှာ ပြန်မြင်လာတာပေါ့ကွယ်။



ဒါကို သူ သေချာစဉ်းစားပြီး မှတ်မိလာတဲ့အခါ သူ့ဘကြီးကို ပြန်ပြောပြတယ်။ သူ ပြောပြတဲ့အခါ ဘကြီးဖြစ်သူက သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်တဲ့ လုပ်ငန်းတွေ လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းကို သေချာဆက်သွယ်လိုက်ပါတော့တယ်။

အဖွဲ့အစည်းက သူတို့ရွာအတွက် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်တဲ့ ဆွေးနွေးပွဲများ၊ သင်တန်းများကို ပြုလုပ်ပေးခဲ့ပါတယ်။ သင်တန်းတွေ၊ ဆွေးနွေးပွဲတွေမှာ ပြောပြချက်အရ သစ်ပင်တွေ အများကြီးခုတ်ပြီး ပြန်မစိုက်ဘူးဆိုရင် တောင်ကျရေကြောင့် ရေကြီးမှု အန္တရာယ်တွေ ဖြစ်ပေါ်လာနိုင်တာကိုလည်း သိလိုက်ရပါတော့သည်။

ဒီအတွက်ကြောင့် စိမ်းလန်းမြေမှ ရွာသူရွာသားတွေဟာ တောင်ကျရေကြောင့် ရေကြီးခြင်းအန္တရာယ်မှ မည်သို့ ရှောင်ရှားရမလဲဆိုတာရယ်၊ ဘယ်လို ကြိုတင်ကာကွယ်နိုင်သလဲ ဆိုတာကိုပါ သိသွားကြတာပေါ့ကွယ်။



# ရေလွှမ်းမိုးမှုဖြစ်လာရင် ဘာလုပ်ရမလဲ

## ရေလွှမ်းမိုးမှု မဖြစ်မီ . . .

၁) ရေလွှမ်းမိုးမှု သတိပေးကြေငြာချက်များနှင့် ပုံမှန်ထုတ်လွှင့်နေကျ မိုးလေဝသ သတင်းများကို အမြဲမပြတ်နားထောင်ပါ။
၂) အကယ်၍ သင်သည် ထူးကဲဒီရေတက်နိုင်သော ဒေသတွင် နေထိုင်ပါက ရေတက်ရေကျ သိနိုင်သည့် ပြက္ခဒိန်တစ်ခု ဆောင်ထားပါ။
၃) မိမိနေအိမ်ကို အခြေခံအုတ်မြစ်မှစ၍ ခိုင်မာစွာ တည်ဆောက်ပါ။
၄) သောက်ရေနှင့် ကြာရှည်ခံ အစားအစာတို့ကို သုံးရက်စာခန့် စုဆောင်းထားပါ။
၅) ရှေးဦးပြုစုခြင်း သေတ္တာနှင့် အိမ်သုံးဆေးဝါးတို့ကို စုဆောင်းပါ။
၆) အိမ်ထောင်ပရိဘောဂ အသုံးအဆောင်များကို ရေလွတ်သည့် အမြင့်၌ ထားပါ။
၇) လိုအပ်လာပါက ရွှေ့ပြောင်းနေထိုင်နိုင်ရန် နေရာရှာဖွေသတ်မှတ်ထားပါ။
၈) မွေးစာရင်း၊ သန်းခေါင်စာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား စသော အရေးကြီးသည့် စာရွက်စာတမ်းများကို ရေစိုခံသော ပလတ်စတစ်အိတ်တွင် ထည့်ထားပါ။
၉) မသန်စွမ်းသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများကို အထူးစောင့်ရှောက်ပေးပါ။

## ရေတက်နေစဉ်အချိန် . . .

၁) အန္တရာယ်ရှိ၍ ပြောင်းရွှေ့ရန် လိုအပ်ပါက စနစ်တကျ ပြောင်းရွှေ့ပါ။
၂) အစားအစာများကို သေချာစွာ ချက်ပြုတ်ပါ။ စနစ်တကျ ဖုံးအုပ်ပါ။
၃) မတော်တဆ ထိခိုက်ဒဏ်ရာများနှင့် ရေကြောင့် ကူးစက်တတ်သော ရောဂါများ မဖြစ်ပွားစေရန် ရေနှင့်အတူ ပါလာသော အဆိပ်ရှိသတ္တဝါများ တုပ်ခြင်း၊ ကိုက်ခြင်းတို့ကို သတိထားပါ။ သတ်မှတ်ထားသော ဆုံရပ်သို့ သွားပါ။
၄) မလိုအပ်ပဲ ရေစိုမခံပါနှင့်။ အိမ်ထဲတွင်နေပါ။
၅) လျှပ်စစ်မိန်းခလုတ်ကို ပိတ်ပါ။ အိမ်ထဲမှ ထွက်ခွာရမည်ဆိုလျှင် လုံခြုံရေးအတွက် တံခါးနှင့် ပြတင်းပေါက်များကို ပိတ်ပါ။

## ရေပြန်ကျသွားသည့်အချိန် . . .

၁) ရေပြန်ကျပြီးနောက် ရေကြီးခဲ့သော ဒေသ/နေရာ အဆောက်အအုံသို့ ချက်ချင်းပြန်မသွားရ။
၂) အိမ်သို့ ပြန်လာသည့်အချိန် လက်နှိပ်ဓာတ်မီးကို အသုံးပြုပါ။
၃) သင်၏နေအိမ်အနီး လျှပ်စစ်ဓာတ်ကြိုးများ၊ တယ်လီဖုန်းကြိုးများ ပြတ်ကျနေသည်ကို တွေ့ရှိပါက သက်ဆိုင်ရာ ဌာနများသို့ အကြောင်းကြားပါ။
၄) ရေမြုပ်နေသော လျှပ်စစ်အသုံးပြု ပစ္စည်းများရှိပါက ခလုတ်မဖွင့်ပါနှင့်။ လျှပ်စစ် ကျွမ်းကျင်သူအား အရင်ပြသ စစ်ဆေးခိုင်းပါ။
၅) ရေကို ကျိုချက်သောက်ပါ။



This book has been financed by the Government of Sweden.
Responsibility for the content lies entirely with the creator. The Government of Sweden
does not necessarily share the expressed view and interpretations.

လမ်းသစ်ဖောင်ဒေးရှင်း (Lanthit Foundation) နှင့် Plan International Myanmar တို့ပူးပေါင်း၍ Swedish International
Development Cooperation Agency (Sida) မှ ပံ့ပိုးမှုဖြင့် ဤပုံပြစာအုပ်ကို အသိပညာပေး ထုတ်ဝေပါသည်။